# Highlights from DVB Debate's Peace Process and New Government Show

## January 23, 2016

## "How to hand over Peace Process?"

"၅ ရက် ငြိမ်းချမ်းရေးညီလာခံကနေ အစုအဖွဲ့အသီးသီးက တင်ပြလာတဲ့ အချက်တွေ ထွက်လာတယ် သိပ်ထူးဆန်းတဲ့ အချက်တွေတော့ မပါလာပါဘူး ယေဘုယျအချက်တွေလောက်ပဲ။ ဒါပေမယ့် အမြင်တွေအသီးသီးကို စားပွဲဝိုင်းတခုမှာ ထိုင်ပြောလို့ရတဲ့ အစပျိုးမှုတခု ရခဲ့တယ်။ အန်အယ်လ်ဒီ အစိုးရသစ်တက်ရင် နောက်ထပ် အဖွဲ့တွေပါလာဦးမှာပဲ အဲအခါကျ အစတွေ အများကြီး ပါလာမှာပါ"

ဦးအေးမောင်ကျော် - စာရေးဆရာ၊ နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"ဖယ်ဒရယ် တည်ဆောက်ရေး သွားမယ်ဆိုရင် နိုင်ငံရေးဆွေးနွေးများရဲ့ ရလာဒ်နဲ့အညီ ဆောင်ရွက်သွားမည်ဆိုတဲ့ အချက်ပါတယ်။ ရလာဒ်တွေဆိုရာမှာ တပ်မတော်အစုအဖွဲ့အနေနဲ့ အားလုံးကို သဘောတူလက်ခံမယ်လို့ မထင်ဘူး"

ဗိုလ်မှူးစောလွင် - တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ကယန်းပြည်သစ်ပါတီ

"ရလာဒ်ကို အစုအဖွဲ့တွေ အားလုံးလက်ခံ သဘောတူရင် ပြောင်းလဲချင်လည်း ပြောင်းလို့ရတယ်။ တပ်မတော်အစုအဖွဲ့က သူတခုထဲ သပ်သပ် သဘောမတူဘဲ နေ နေတာမျိုး မရှိပါဘူး"

ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် - ဥပဒေအကြံပေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန

---

"အဖွဲ့ချုပ်အနေနဲ့ကျဉ်းထဲကြပ်ထဲမှာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့ရာအတွက် အစိုးရသစ်အနေနဲ့ တပ်နဲ့ ယုံကြည်မှုတည်ဆောက်ရဦးမယ်၊ တိုင်းရင်းသားတွေဘက်ကကြည့်ရင်လည်း အန်အယ်လ်ဒီဟာ တပ်နဲ့ လက်တွဲသွားပြီလို့ မဖြစ်ရအောင် ကြိုးစားရဦးမယ်"

ဦးမျိုးရန်နောင်သိမ်း - အတွင်းရေးမှူး(ဗဟိုသုတေသနလမ်းညွှန်အဖွဲ့ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)/ ဒါရိုက်တာ(ဗေဒါအင်စတီကျူ့)

---

"ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တပ်ကိုယ်စားလှယ်ဟာ ၁၅၇ အခြားအစုအဖွဲ့တွေက အားလုံးပေါင်းမှ ၁၅၇ ဖြစ်နေတယ်။ တပ်ကို ထွက်ပေါက်ပေးဖို့ ပြောနေတာတွေရှိတယ်။ ကျနော့်အမြင်ကတော့ ငြိမ်းချမ်းရေးကို တပ်မတော်က တကယ်လိုချင်ရင် အမျိုးသားရင့်ကြားစေ့ရေးကို တကယ်ရှေးရှုရင် လူထုကို ထွက်ပေါက်ပေးပါလို့ ပြောချင်တယ်"

ဗိုလ်မှူးစောလွင် - တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ကယန်းပြည်သစ်ပါတီ

---

"ကိုယ်လိုချင်တာတွေ အားလုံး ရာနှုန်းပြည့်ရအောင် ကြိုးစားရင် ငြိမ်းချမ်းရေးက ကြာနေမှာပဲ။ ဒီတော့ တပ်ကရော၊ တိုင်းရင်းသားလက်နက်ကိုင်တွေရော၊ အခြား နိုင်ငံရေးပါတီတွေရော ပြည်သူကို ရှေးရှုပြီး လျှော့ကြပါ။ ကိုယ်ဖြစ်ချင်တာရဲ့ ၈၀ ရာနှုန်းလောက်ရရင် ကံကောင်းတယ်မှတ်ရမယ်။"

ဦးအေးမောင်ကျော် - စာရေးဆရာ၊ နိုင်ငံရေးလေ့လာသုံးသပ်သူ

---